
ဝန်ဇင်း
Read on the move
ချင်မ
ကျွန်တော်တို့တွေ
ဝိုင်းကြိုက်ကြတဲ့
ကောင်မလေး

# အခန်း (၁)

"ဟဲ့.... ဒီမှာ လာကြည့်စမ်း၊ ယော်ကျားမြတ်တဲ့ ၊ ချစ်စရာလေး.."

"ဟုတ်တယ်... ဟုတ်တယ်၊ အသားဖြူမှာ သေချာတယ်ဟ၊ မျက်ခုံးလေးတွေကလည်း ယောကျ်ားဖြစ်ပြီး သွယ်တန်းတန်းလေး၊ နှုတ်ခမ်းလည်း အထူအပါး ညီတယ်၊ ထောင့်ချိုးလေးတွေကိုပေါ်လို့ ...."

အနားမှာ ခေါင်းတွေစု လာပြီး ထောက်ခံကြပါသည် ။ ဒါပေမဲ့ ကြားချင်တဲ့ စကားကမပါ...။

"နင်တို့ ကလည်း ဒီလောက် မျက်နှာကြီးချဲ့ထားတဲ့ ဟာ နင်တို့ ပြောတာတွေ ငါလည်း မြင်သားပဲ၊ အဲဒါကို မေးနေတာ မဟုတ်ဘူး "

"ဘာမေးတာလဲ"

"ရုပ်ရည်သန့်ရဲ့ လား၊ မြင်လိုက်တာနဲ့ လူကုံထံ အသိုင်းအဝိုင်းထဲက မှန်း သိသာနေတာမျိုး..."

"နင်ကတော့ ဒါပဲ."

အင်တာနက်ဆိုင်ထိုင်ပြီဆို ရှင်လွှမ်းတို့ ရည်ရွယ်ချက်က ဤသို့ရှိလေသည် ။

သူငယ်ချင်းတွေ ကိုယ်နေရာကိုယ် ပြန်လှည့်သွားကြပြီး ရှင်လွှမ်းကို ဒေါသမကင်းသော မျက်စောင်းတွေနှင့် ချန်ရစ်၏။

"လာကြည့်ပါဦးဟ...၊ သူငါ့ကို သူငယ်ချင်းဖွဲ့မယ်လို့ ပြောနေတယ်"

"ဖွဲ့လိုက်ပေါ့၊ အရမ်းချောတဲ့ ဟာ..."

"အေးလေ၊ မျက်နှာနဲ့ ပခုံးလေးပဲ မြင်ရတဲ့ ဟာ၊ လူကုံထံလား၊ လူဆင်းရဲလား ဘယ်လိုလုပ် ကြည့်လို့ ရမှာ လဲ၊ သူ့မှာ ဘယ်လိုကြည့်ကြည့် ချိန်ခွင်ကြီးနဲ့ .."

"နင်တို့ ကလည်း အွန်လိုင်းမှာ တွေ့ကြ၊ အပြင်မှာ တွေ့ကြနဲ့ မရိုးမသားတွေဖြစ်မိသွားရင် ကိုယ့်ဘက်က မနစ်နာအောင်လို့ ပေါ့"

"လုပ်ပါ..၊ ရှင်ပဲ သေချာရွေး..."

ဘယ်သူမှ လည်း မထောက်ခံကြပါလား...၊ ရှင်လွမ်း မျက်မှန်လေးကို ထပ်ပင့်လိုက်ပြီး လက်က စာတွေရိုက်ထည့်နေလျက် နှုတ်ခမ်းလေးက ပွစိ ပွစိ..။

အသံမထွက်ပေမယ့် ရှင်လွမ်းတို့ ကျန်ခဲ့ပြီဆို နှုတ်ခမ်းက ရိုးတိုးရွတွ ဖြစ်ကျန်စမြဲမို့ ဘယ်ညာ နှစ်ဖက်မှာ ရှိကြသည့် ကြယ်ပွင့်နဲ့ ရွှေအိမ်စံတို့ နောက်ကြောင်းမအေးသလို ပြုံးတူ လှည့်ကြည့်ကြ၏။

ရှင်လွမ်း နှုတ်ခမ်းလေး အော်တိုမစ်တစ် ငြိမ်သက်သွားသည် ။ ပေါ်လာသည့် စာတန်းလေးကို ဖတ်လိုက်တော့.....

"ရှင်လွမ်း ဆိုတာ နာမည်အရင်းလား..။"

ရှင်လွမ်း ချက်ချင်း ပြန်ရိုက်ထည့်လိုက်သည် ။

"ဟုတ်တယ်၊ နင်ရော..."

*

# အခန်း (၂)

"မင်း…ဟာက မှန်ကြောင်လေး ထင်ပါတယ်ကွာ"

"ကြောင်တော့ ဘာဖြစ်လဲ…၊ မျက်မှန်လေးကိုင်ပြီး ပြန်ငုံ့ကြည့်ပြီး ရယ်နေတာည ပါးချိုင့်ရာလေး ရေးရေးနဲ့ ချစ်ဖို့ ကောင်းတယ်"

"ဘာလဲ…၊ ချစ်သွားတာလား"

"သဘောကျတာပါ၊ နာမည်လေးကလည်း ရှင်လွမ်းမယ် တဲ့ ၊ ဟား… .ဟား လွမ်းလောက်လို့ လား"

ယောက်ျားမြတ် အပြန်အလှန် မေးခွန်းတွေ မေးဖြေရင်း သွားကြီးအဖြီးသားနှင့် ဘာတွေ သဘောကျ နေမှန်းမသိ…၊

စာကလေးက လှည့်ကြီးပြီး မဲ့သည် ။

"လွမ်းလောက်လို့ လားဆိုလို့ တော်သေးတာပေါ့"

အင်တာနက်ဆိုင်က ထလာခဲ့ကြတဲ့ အထိ ယောက်ျားမြတ် ပါးစပ်ထဲမှာ ရှင်လွမ်းမယ်က ပါလာသေးသည် ။

"ဒီကောင် ထူးခြားနေပါလား"

ယောက်ျားမြတ်က နေပူထဲရောက်သည် နှင့် အင်္ကျီခေါင်းစွပ်ကို ခေါင်းပေါ်ဆွဲတင်ထားလိုက်ကာ…..

"ဟုတ်တယ်..၊ အဲဒီကောင်မလေးကို စိတ်ဝင်စားတယ်"

အင်တာနက်ဆိုင်ဝင်တာ အိမ်က ရေပူစီးကြောင်းလွတ်အောင် ရှောင်တာဆိုသည့် ဆောင်ပုဒ်နှင့် ယောက်ျားမြတ် တော်ရုံ မိန်းကလေးလောက်ကို စိတ်ဝင်စားဖြစ်သွားတယ် မရှိခဲ့ပေ....၊

"မင်းဟိုနေ့က ကောင်မလေးနဲ့ အဆင်ပြေနေတယ်မို့လား၊ ဘယ်လိုလဲ" လို့ မေးကြည့်...

"ပြေတော့ ဘာဖြစ်လဲ...၊ သူမသိ ကိုယ်မသိနဲ့ မမြင်မစမ်း ရမ်းသန်းနေတာတွေ ဒီထက် စိတ်မဝင်စားဘူး"

လို့ ဖြေတတ်တဲ့ သူ...၊ သူ စဉ်းစားနေမိတုန်း ယောက်ျားမြတ်ထံမှ ရယ်သံသဲ့သဲ့ကို ကြားလိုက်ရကာ....

"ရှင်လွမ်းမယ် တဲ့ ၊ ရယ်ရတယ်"

*

ဆံပင်ရှည်လေးနဲ့ ရယ်လိုက်တိုင်း ချစ်စရာကောင်းနေတဲ့ ကောင်မလေးက "ရှင်လွမ်းမယ်"ပါ...၊

အမှတ်တမဲ့ တွေ့ခဲ့ကြပြီး သူ့နာမည်ကိုလည်း ရယ်ခဲ့ဖူးပေမယ့် ကျွန်တော် ရင်ခုန်သံတွေ ဖြစ်လာတဲ့ အချိန်မှာ နားလည်လိုက်တာက တကယ် လွမ်းဖို့ ကြိုလာကိန်းရှိတယ် ဆိုတာပါပဲ..။

ဘာဖြစ်လို့ လဲဆိုတော့ သူအရမ်းတော်တဲ့ သင်္ချာတွေမှာ ကျွန်တော်က အမှတ်ပြည့်ရနိုင်ဖို့ မရှိတော့...

ယောက်ျားမြတ်

အပေါင်းအနုတ်တွေနဲ့ မသက်ဆိုင်ပေမယ့် တွက်ချက်စဉ်းစားရတာ မှန်သမျှဟာ သင်္ချာပါပဲ။ မိန်းမတို့ တတ်အပ်တဲ့ စာရင်းကိုင်သင်္ချာမှာ ဂု

ဏ်ထူးထွက်ဖို့ ကြိုးစားခဲ့တဲ့ အတွက် ဒီခေတ်ထဲမှာ ကျွန်မက ပစ္စုပ္ပန်မလှတဲ့ မိန်းမပါ။ အနာဂတ်ကို သနပ်းခါးလိမ်းပေးချင်တော့....

ယောက်ျားမြတ်ဆိုတာ ချောမောတင့်တယ်တဲ့ ယောက်ျားတစ်ယောက်ဖြစ်ပေမယ့် ကျွန်မ......

ရှင်လွမ်းမယ်

*

# အခန်း (၃)

"ကျောင်းသားတွေကို လောက်ငအောင် ဝေနော်၊ အချိုရည်ဘူးတွေ လိုနေဦးမယ်"

ကားအောက်က ပြောသံကြောင့် ယပ်တောင်တစ်ဖက် အချိုရည်ဘူး တစ်ဖက် ကိုင်ထားသော ကိုယ့်လက်ထဲကို ပြန်ငုံ့ကြည့်မိ၏။

ရွှေအိမ်စံ ကတော့ ကားပေါ်တက်လာသူ၊ ကားအောက်မှာ ရှိနေသေး သူတွေနဲ့ ယပ်တောင်၊ အချိုရည် ဝေနေသူတွေကို အပေါ်ကနေ လိုက်ငုံ့ကြည့်နေ၏။ ထို့ကြောင့် ဘေးမှာ အေးဆေးထိုင်နေသည့် ကြယ် ပွင့်လက်ကို ဆွဲလှုပ်လိုက်ကာ...၊

"ကြယ်ပွင့်... ငါတို့ အချိုရည်ဘူးတွေ ပြန်ပေးလိုက်ရအောင်.."

"ဟင်.. ဘာဖြစ်လို့ လဲ.."

"သူတို့ ခမျာ ဆင်းရဲပါတယ်ဟာ၊ မလောက်ငလို့ ထပ်ဝယ်နေရရင် သနားပါတယ်"

"ရှင်လွှမ်းရယ်...၊ ငါတို့ ကလည်း သောက်ချင်လွန်းလို့ ယူထားတာမှ မဟုတ်တာ၊ ငါတို့ သုံးဘူး ပြန်ပေးလိုက်တာနဲ့ သူတို့ မှာ ရော လောက်င သွားမှာ တဲ့ လား၊ ပြီးတော့ သူဇာဖြိုးအတွက် ဒါနပြုနေတာလေ၊ ပြန် ပေး လိုက်ရင် စိတ်မကောင်းဖြစ်သွားမှာ ပေါ့"

"အေး...နော်"

ရှင်လွမ်း လည်ပင်းရှည်ကြည့်ရင်း အချိုရည်ဘူးကို စိတ်မချမ်းသာစွာ မျက်လုံးပြန်ရောက်၏။

သူဇာဖြိုးက သူမတို့ အုပ်စုနှင့် သိပ်မရင်းနှီးပေမယ့် ပထမနှစ်ကတ ည်းက အတူတူတက်ကြတာမို့ ခင်ခင် မင်မင်တော့ရှိသည် ။

အမျိုးသမီးရောဂါဖြစ်နေတုန်း ရေချိုးခေါင်းလျှော်မှားကာ ရုတ်တရ က်ကြီး ဆုံးသွားခဲ့သဖြင့် သူမတို့ မှာ မယုံနိုင်အောင် ဖြစ်သွားခဲ့ကြ၏။

ပြီးတော့ ခုလို အိမ်ထိလာဖူးကာမှ သူဇာဖြိုးတို့ ဆင်းရဲရှာသည် ဆို တာကို သေချာသိခဲ့ရ၏။ ပြောနေတာ တော့ ကြားဖူးပါသည် ။

"ငါတို့ အိမ်က အဆင်မပြေဘူး၊ ငါ့ကို အဒေါ်တို့ ကပဲ ဒီအချိန်ထိ ကျောင်းထားပေးတာ"တဲ့ ၊ တွေးမိရင်း ရှင်လွမ်း မျက်ရည်တွေ ပြည့်တ က်လာခဲ့၏။

"ကားတွေ ထွက်မယ်ဟေး"

တစ်ယောက်အသံ စူးခနဲ ထွက် လာပြီး ကြေးစည်သံကြီးက ပူဆွေး နေသူတို့ ၏ ရင်ထဲကို ဆုပ်ဆွဲခါ ပစ်လိုက် သလိုပဲ...၊ ဒီလောက်ထိ မဟု တ်တာတောင် ရှင်လွမ်းတို့ က အသည်းက မခိုင်..၊

"ရှင်လွမ်းရယ်...၊ တော်ရုံလုပ်စမ်းပါ၊ တော်ကြာ နင့်ကို အသုဘရှင် မှတ်နေဦးမယ်"

"မှတ်ပစေဟာ ငါတို့ သူငယ်ချင်းပဲ ဥစ္စာ"

ကြယ်ပွင့် ဘာမှ မပြောသာဘဲ တစေ့တစောင်း လှည့်ကြည့်ကြသူ တွေကို မမြင်သလို နေလိုက်ရတော့သည် ။

တစ်ခါတလေ ရှင်လွမ်း၊ အဲဒီလို အူကြောင်ကျား

လုပ်တတ်တာတွေကြောင့် စိတ်တိုရ၊ ဒေါသထွက်ရ တာတွေ မကြာခဏ

ဒီသူငယ်ချင်းလေးဟာ သူ့ဘက်သူကျွန်အောင် အမြဲတမ်း တွက်နေ တတ်သဖြင့် 'သင်္ချာရှင်လွမ်း'လို့ တောင် အစခံခဲ့ရသော်လည်း တွက်လို က်သမျှ သူ့အတွက်လည်း ဘယ်တော့မှ မကျန်ခဲ့ရှာ...၊

လိုချင်ပေမယ့် ရအောင် မယူတတ်တာလား... ဒါမှ မဟုတ် စာနာခြင်းတရား ကြီးမားလွန်းလို့ ပဲ ပြောရမလား...၊

သူများ တကာကို စာနာသနားပေးဖို့ ဆိုလည်း သူမက တစ်ဖက်ကမ်းခပ်..၊

"ကြယ်ပွင့်....၊ နင်တို့ မဆင်းဘူးလား"

ရေဝေးကို ကားတွေရောက်တော့ ရွှေအိမ်စံကပဲ ထရပ်လိုက်ပြီး ကြ ယ်ပွင့်တို့ က မလှုပ်..၊

"နင်ပဲ သွားတော့ဟာ ဒီမိန်းမကို အဲဒီထိခေါ်သွားရင် နှာနှပ်ယူရလိမ့် မယ်"

"အဲလောက် မဟုတ်ပါဘူး၊ သွားချင်သွားပါ..."

အဲလောက် မဟုတ်ဘူး ဆိုပြီး ရွှေအိမ်စံ ကြည့်လိုက်တော့ နှပ်ညှစ်လို က်ပြီး ကျွန်ရစ်သည့် ရှင်လွမ်းရဲ့ နှာသီးဖျားလေး ရဲညိုနေလေသည် ။

"သွားပါ..၊ ငါနောက်က လိုက်ခဲ့မယ်၊ သူများ တွေ ငိုနေကြတာ အကြာကြီး ရပ်ကြည့်နေရရင် ငါမလွယ်ဘူး"

"သိတယ်....၊ သိနေလို့ ပြောတာ"

စိတ်မရှည်သံနှင့် ပြောပြီး ကြယ်ပွင့်က နေရာမှ ထလိုက်သည် ။ အ လောင်းကို ရေဝေးမှာ ပဲထားတာမို့ ပြင်ထားသည့် နေရာကို သွားရဦးမှ

ဖြစ်သည် ။

ရှင်လွမ်းကတော့ မီးသင်္ဂြိုဟ်စက်ထဲ ထည့်ခါနီးမှ ပို့တော့မည်ဆိုသဖြင့် ကြယ်ပွင့်နဲ့ ရွှေအိမ်စံတို့ သူများ တွေ ဆင်းသွားကြသည့် နောက် လိုက်ခဲ့ကြသည် ။

ပြန်လှည့်ကြည့်လိုက်တော့ ရှင်လွမ်း ထိုင်ရာမထ နှပ်ညှစ်နေတုန်း…၊ လွန်လွန်းပါသည် လို့ လည်း မပြောရက်၊ သူငယ်ချင်းဆုံးတာမို့ သူမတို့ လည်း မျက်ရည်စို့၊ နှာခေါင်းပိတ်တော့ ဖြစ်ကြတာပါပဲ…၊

အဲဒီလောက်တော့ အသည်းမပျော့ဘူး ထင်သည် ။

“ရှင်လွမ်း သူဇာဖြိုးကိုမြင်လိုက်ရင် မလွယ်ဘူး ရွှေအိမ်စံ၊ သင်္ဂြိုဟ်ခါနီးမှ ကွက်တိရောက်လာရင် ကောင်းမှာ …”

“ပူမနေပါနဲ့ ဟာ …၊ သူ့မှ မရှက်လို့ ငိုရလည်း ငိုပစေပေါ့၊ ကိုယ်ချစ်တဲ့ သူ သေလို့ ငိုတာ ဘာဖြစ်လဲ…..

ကြယ်ပွင့်က ရှင်လွမ်းကို ထားခဲ့ရတာလည်း စိတ်မချ။ လိုက်လာမှာကိုလည်း မကြိုက်ဘူး ဖြစ်နေ၏။

ရှင်လွမ်းကတော့ အချိုရည်ဘူးကို ကြည့်လိုက်ပြီးမှ ထိုင်ခုံမှာ ပဲ ချထားခဲ့ကာ ယပ်တောင်လေးကိုင်ပြီး ဆင်းလာခဲ့၏။

ကားတွေက ညပ်နေကာ လူတွေကလည်း ရှုပ်ယှက်ခတ်နေသည် ။ သတ်မှတ်ထားသည့် အချိန်အတိုင်း သင်္ဂြိုဟ်ရတာမို့ တစ်ခါတလေ ဒီလိုပဲ ရှုပ်ယှက်ခတ်အောင် များ ပြားနေတတ်၏။

ရှင်လွမ်း လမ်းကလေးအတိုင်း လျှောက်ခဲ့ပြီး သူဇာဖြိုးကို ဘယ်မှာထားသလဲဆိုတာရှာရင်း ကိုယ့်ကားပေါ် မှာ ပါလာသည့် လူတွေ စုဝေးနေသော အခန်းကျယ်ကြီးထဲကို ဝင်ခဲ့၏။

"ဖြစ်ရလေ ဖြိုးလေးရယ်...၊ အန်တီတို့ နဲ့ ပြင်ဦးလွင်ကို တစ်ခေါက် လောက် လိုက်ချင်သေးတယ်ဆို..."

"အရမ်း စိတ်ညစ်လို့ ပါဆိုပြီး ဘာဖြစ်ဖြစ် မပြောဘဲ ကြိတ်မှိတ်ခံ စားခဲ့တဲ့ ကလေး"

"မမတို့ ကို ထကြည့်ပါဦး ဖြိုး ရယ်..."

ငိုနေတဲ့ အသံတွေကို ကြားနေရကာ အလောင်းဆီသွားဖို့ ခြေလှမ်း တွေက တိုးကြိတ်နေသည့် လူအုပ်နားမှာ ပဲ ရပ်တန့်သွားခဲ့၏။

တဟီးဟီး ငိုသံ၊ ပြောသံတွေကြောင့် ရှင်လွှမ်း ရင်ထဲမှာ တလှိုက်လှို က်ဖြစ်လာလျက် မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက် ကျလာကြ၏။

သူဇာဖြိုး မျက်နှာလေးကို မြင်ယောင်ကာ ကြယ်ပွင့် သတိပေးခဲ့တာ ကို လုံးဝမေ့လေသည် ။ နောက်ဆုံး ခရီးမို့ သူငယ်ချင်းမျက်နှာလေးကို မြင်အောင်ကြည့်ဖို့ တော့ စိတ်ကဖြစ်ပေမယ့် ရှေ့ထပ်မတိုးရဲတော့ဘဲ ဖြ စ်နေ၏။

ဖြိုင်ဖြိုင်ကျနေသည့် မျက်ရည်ကို သုတ်မနိုင်ဖြစ်ရင်း၊ အင့်ခနဲ ရှိုက်မိ သည် ။ နောက်ဆုံးမျက်နှာကို လက်ဝါးနဲ့ အုပ်လိုက်မိသည် အထိ ဖြစ်ခဲ့ ၏။ ထိုစဉ်....

"သမီး.... သမီးလေးက မေလွှမ်း လားဟင်.."

"ဟင်.."

ငိုထားသည့် မျက်နှာကြီးနဲ့ အသက်ငါးဆယ်လောက် အမျိုးသမီးတ စ်ယောက်...၊

"ဆံပင်ရှည်လေးနဲ့ ဟုတ်ပါပြီ...၊ သမီးလေးက သားရဲ့ ချစ်သူလား..၊

အမလေး ခုမှ လာရသလား သမီးရယ်..”

ရှင်လွှမ်း မျက်ရည်တွေ တိခနဲ တိတ်၏။ သူမရဲ့ တစ်ဖက်တစ်ချက်မှာ အမျိုးသမီးကြီး နှစ်ယောက် ခြံရံဆွဲကိုင်ထားကြတာ ခံနေရပြီး ဘာမှန်းမသိ..၊

မေလွှမ်းဆိုတာ ကိုယ်မဟုတ်ပေမယ့် ‘လွှမ်း’ ချင်းတော့ တူနေတာမို့ လူကြီးတွေ အခေါ်မှားတာလား..၊

ဒါပေမဲ့ သားဆိုတာကိုလည်း သူမ မသိ၊ ထိုအချိန်မှာ ပဲ အသက်အစိတ်လောက်ရှိမည့် အမျိုးသမီး နှစ်ယောက် ထပ်ရောက်လာပြန်ကာ...

“ညီမလေးက မေလွှမ်းသူလားဟင်....”

“ရှင်...”

“ရှင်လွှမ်း...၊ လာ... ဟိုမှာ ပြီးပြီ...”

အားလုံးဆွဲထားသည့် လက်တွေကို ရှင်းမပြ..၊ ဘာမှ မမေးဘဲ ဖြုတ်ချပစ်လိုက်ပြီး ရှင်လွှမ်းကို ဆွဲခေါ်ထုတ်ခဲ့တာက ကြယ်ပွင့် ဖြစ်၏။

“ကြယ်ပွင့်..”

“တော်ပါတော့ မယ်ရှင်လွှမ်း၊ နင့်ကိုတော့ တကယ် လက်လန်တယ်”

“ဟဲ့ ....ဘယ်ကတွေ့လာတာလဲ”

ရွှေအိမ်စံ ဆီးမေးလိုက်ပုံကလည်း အမောတကော..၊

“ဘယ်ကတွေ့ရမှာ လဲ...၊ အဲဒီမိန်းမ အသုဘမှားပြီး သွားငိုနေတာ..”

“ဟယ်....”

ရှင်လွှမ်း ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩဖို့ မေ့သွားလျက်... ရွှေအိမ်စံ

"ဟယ်"ခနဲ ဖြစ်၏။

"ကြယ်ပွင့် ...၊ ငါ....ငါငိုနေတာ သူဇာဖြိုး မဟုတ်ဘူး လား"

ကြယ်ပွင့် မျက်နှာရှုံ့မဲ့သွားကာ....

"တွေ့လား ၊ သူ ငါဆွဲခေါ်လို့ ပါလာတာ၊ ခုထိကို မသိသေးဘူး စိတ်ညစ်လိုက်တာ...."

ဒီတော့မှ ရွှေအိမ်စံက ခြေနှစ်လှမ်းလောက် တိုးသွားလိုက်ပြီး အခန်းရှေ့က သေသူနာမည် ရေးထား သည့် ဘုတ်ကို လှမ်းကြည့်သည် ။

"ဟုတ်သားပဲ..၊ နင်ငိုနေတာ ဟိုမှာ ဖတ်ကြည့်ဦး၊ 'ပြည့်ဖြိုးဦး' အသက်(၃၄)နှစ်တဲ့ .."

ရှင်လွှမ်း ခေါင်းနားပန်းကြီးသွား၏။ ဒါကြောင့် ချစ်သူလားလို့ မေးတဲ့ သူက မေး၊ လက်ဆွဲတဲ့ သူဆွဲ..၊ ရှက်လိုက်တာ....၊

သူဇာဖြိုး အတွက် ခံစားနေရသည့် သောကတွေ ဘယ်ရောက်ကုန်မှန်းမသိတော့ဘဲ ပါးပြင်နှစ်ဖက်ကို ကပျာကယာ ပွတ်သုတ်ပစ်ရင်း ရှင်လွှမ်း မလုံမလဲ ဟိုကြည့် ဒီကြည့်...၊

ပြီးတော့ ခေါင်းငုံ့သွားကာ....

"သူတို့ က ဖြိုး ဆိုပြီး ငိုနေတော့..."

"ဩော်...."

"ငါတို့ ကားပေါ်က အသုဘပို့တဲ့ လူတွေလည်း အဲဒီမှာ ဝိုင်းအုံနေကြတဲ့ ဟာ...."

"ဟဲ့... အသုဘပို့တဲ့ လူတွေ အဲဒီနားရောက်ရင် ဒီလိုပဲလေ၊ ဘယ်သူလဲ...၊ ဘာကြောင့် သေတာလဲ...၊ ဟိုမတ်တတ် ဒီမတ်တတ်

လိုက်စပ်စုကြတာ မသိဘူးလား..”

“မသိလို့ ပေါ့...”

“သေသင့်တယ်”

“ကြယ်ပွင့် ရယ်...၊ သင်္ချိုင်းမှာ မပြောကောင်း၊ မဆိုကောင်း၊ ပြီးတော့ သူပဲ ရှင်လွှမ်းကို ပူလိုက်ရတာ၊ ရှင်လွှမ်း အမေလေးကျနေတာပဲ...”

“ငါသာ သူ့အမေဆိုရင် ဒီလိုသမီးမျိုး စိတ်မချတာနဲ့ ဘယ်မှ ခြေတစ်လှမ်း မထွက်ခိုင်းဘူး....”

“နင်တို့ ကလည်း ....ငါလည်း ရှက်တာပဲ”

ဒီတစ်ခါ မျက်ရည်ဝေ့တာ သူဇာဖြိုးအတွက် မဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် သိသည် ။

“နင်က တစ်ခါတစ်ခါ တော်တော်ကြောင်တာ...လို့ အပြောခံနေရသည့် ရာထူးက အသုဘ မှားငိုမိတဲ့ အဖြစ်ကြောင့် ဘယ်လောက်ထိ ခုန်တတ်သွားဦးမည် မသိ...၊

“ရှားလည်း ရှားပ့ါ၊ မသာမှားငိုတဲ့ အထိများ နမော်နမဲ့ နိုင်ရတယ်လို့၊ ငါသွားခေါ်တော့ ဘာဖြစ်နေကြလဲ နင်သိလား...”

ကြယ်ပွင့်က မပြီးနိုင်ဘဲ ရွှေအိမ်စံကို တိုင်တည်၍ .....

“သူက ကွယ်ရပ်လေးမှာ ရှိုက်ကြီးတငင် ငိုနေလို့ ဖြစ်မှာ ပေါ့၊ ဟိုကသေတဲ့ ကောင်ရဲ့ ရည်းစားမှတ်ပြီး ဝိုင်းဆွဲနေကြတာ...”

“ဟယ်....”

“ဟုတ်ပ၊ ကံကောင်းလို့ ၊ မဦးမချွတ်နဲ့ အပျိုမုဆိုးမ ဖြစ်တော့မလို့ ...

”

“ကဲ… တော်ပါတော့၊ ရှင်လွှမ်း ငိုပြန်ပြီ နင်ကလည်း ….၊ ငါတို့ ပြန်ရအောင်”

“ဟင်…”

ရှင်လွှမ်း ပြူးပြဲ မော့လာ၏။

“ပြန်မယ်…၊ သူဇာဖြိုးကို သင်္ဂြိုဟ်တဲ့ အထိ မစောင့်ဘူးလား”

“သင်္ဂြိုဟ်ပြီးလို့ ဟိုမှာ ပြာကျနေပြီ”

ရှင်လွှမ်း လှိုက်ခနဲ ဝမ်းနည်းသွား၏။ သူမကြောင့် အားလုံးဖြစ်ကုန်တာ တလွဲ…

“ငါတို့ မှာ နောက်ဆုံးအချိန်လေးတော့ ငါတို့ အားလုံး လိုက်ပို့ကြမယ်ဆိုပြီး နင့်ကို လိုက်ရှာရတာ…။ ဟိုမှာ လည်း မပို့လိုက်ရဘူး၊ နင့်မှာလည်း ပြဿနာ….”

ဒီလိုဆိုတော့လည်း ပြောထိုက်တာပဲလို့ တွက်မိကာ ကြယ်ပွင့် ဒေါကန်နေတာကို ရှင်လွှမ်း နားလည်သွားသည် ။

ထပ်ကျလ

“သူဇာဖြိုးရယ် …. ၊ ငါ နင့်ကို လိုက်ပို့တာပါ၊ တကယ်ပါ၊ ငါမကောင်းဘူး သိလား၊ ငါ့ကြောင့် ကြယ်ပွင့်တို့ ရွှေအိမ်စံတို့ ပါ”

ရှင်လွှမ်း အသံလေး တိမ်ဝင်သွားပြီး ငိုပြန်သည် ။

“ကဲ …. အားရပါးရငိုတော့ ရှင်လွှမ်း၊ ရပြီ …. အပြန်ကားငှားပြန်ရမှာ ဆိုတော့ အေးဆေးပေ့ါ”

“ဟင်”

နောက်ထပ် အငိုတိတ်ကာ ရှင်လွမ်း ခေါင်းထောင်သွားလျှင် ရွှေအိမ်စံက ချစ်စနိုးမျက်ဝန်းများ နှင့် ကြည့်၍ ပြုံးရင်း....

"ကားတွေက ပြန်ထွက်သွားကြပြီ...."

ရှင်လွမ်းမျက်ဝန်းမျက်ဝန်းလေးတွေ ကြယ်ပွင့်ဆီ ရောက်သွား၏။ ကြယ်ပွင့်က ရှင်လွမ်းကို စိုက်ကြည့် နေတာဖြစ်ကာ ပြူးပြူးပြဲပြဲလေး မော့ကြည့်လာသည့် မျက်ဝန်းလေးတွေကို မြင်မှ ...

"တကယ် ... တကယ် ...စိတ်တိုလွန်းလို့ ဆက်တိုစရာကို မရှိတော့ တာ ..."

ဆိုပြီး ခေါင်းတွေခါရင်း ရယ်လေသည် ။

ရှင်လွမ်း ဆိုတာ အဲဒီလို ...၊

*

# အခန်း (၄)

"ရှင်လွမ်းမယ်..."

"ရှန်..."

"ရှန်ကို ထားခဲ့၊ လူ အရင်လာ"

ရှင်လွမ်း နှုတ်ခမ်းမစူရဲပေမယ့် မျက်နှာလေးကတော့ တည်နေ၏။ ဒေါ်ချစ်စုစံက ရှပ်အင်္ကျီအနက်ကွက် ပွပွ၊ စကတ်အတိုကပ်ကပ်လေးနှင့် တူမဖြစ်သူကို ခြေဆုံးခေါင်းဆုံး ကြည့်၏။

"ဒါက ဘယ်က ပြန်လာတာလဲ"

"ကျူရှင်သွားတာလေ"

"ကျူရှင်သွားတာမှန်း ငါ သိတယ်၊ ကျူရှင်ချိန်က သုံးနာရီဆို ပြီးပြီ မဟုတ်လား"

"စာမေးပွဲနီးနေလို့ တီချယ်တို့ က အလုအယက် သင်နေကြတာ၊ ဒီရက်ပိုင်းမှာ ကျူရှင်ချိန် မမှန်ဘူးလို့ ရှင်လွမ်း ပြောထားသားပဲ"

နှုတ်ခမ်းရဲရဲလေး အမြဲတမ်း စုထွေးနီမြန်းနေတတ်ပြီး တင်းကပ်ခြောက်သွေ့နေတယ်ဆိုတာ မရှိသလောက်ပင် ...၊

မျက်ခုံးထူထူးလေးက ထင်းနေလျက် နှာတံလုံးလုံးလေးကလည်း ပွယောင်းကော့လန်တာမျိုးမရှိဘဲ တန်းစင်းပြီး ပေါ်လွင်နေသည် ။

အသာလေးကလည်း မဖြူမညို ဝင်းနှစ်နှစ်လေး ဖြစ်၏။ ဖျတ်ခနဲမြင်လိုက်တာနှင့် သမင်လည်ပြန်ကြည့်ချင်လောက်အောင် မဟုတ်သော်လည်း ရှင်လွမ်းက ချစ်စရာကောင်းသည် ။

ကိုယ့်တူမလေးမို့ ချစ်လည်း ချစ်ပါသည် ။ ဒါပေမဲ့ သူမက ....

“နင်ဟာလေ ရုပ်လေးသနားကမားနဲ့ အိမ်မှာ လည်း ဘယ်တော့မှ စကားမှန်အောင် မပြောဘူး၊ မမှန်တာ ပြောရင်လည်း ပိပိရိရိ မပြောဘူး၊ ကျူရှင်ချိန် ရှိရှိ မရှိရှိ အင်တာနက်ဆိုင်တော့ ပုံမှန်ဝင်တယ်မို့လား၊ မှန်မှန်ပြော...”

ရှင်လွမ်း ပါးစပ်က မဖြေဘဲ ခေါင်းခါသည် ။ ဒေါ်ချစ်စုစံကမဲ့၍ ...

“အမေလုပ်တဲ့ သူက တစ်ခုလပ် မုဆိုးမဘဝနဲ့ ငွေတွေ တွင် တွင် ပို့ရှာတယ်၊ သူ့သမီးလေး ဘွဲ့ရ ပညာတတ် ဖြစ်ပါစေဆိုပြီးတော့..”

“တစ်နှစ်တက်ပြီးရင် ဘွဲ့ရတော့မှာ ပဲဟာ...”

“ငါတော့ မထင်ပါဘူး၊ ဘွဲ့မရခင် ယောက်ျားရမှာ ပဲ မြင်နေတယ်”

ရှင်လွမ်း နှုတ်ခမ်းလေးစူသွားပြီး မျက်လွှာချနေသည် ။ ရင်ထဲမှာတော့ ပြောနေမိပါ၏။ ယောက်ျားယူတယ် ဆိုတာများ လွယ်လွယ်လေး မှတ်လို့ ...

“ဟဲ့...”

“ရှန်...”

“ကြည့်စမ်း...၊ မယူပါဘူး ဘာညာများ ပြောမလားမှတ်တယ်၊ မျက်လွှာချပြီး ဝန်ခံနေတာပေ့ါလေ...”

“မဟုတ်ပါဘူး အန်တီရာ...၊ မယူပါဘူးလို့ ပြောလည်း အန်တီယုံမှာ

မှ မဟုတ်တာ”

“ဘယ်လိုလုပ် ယုံမလဲ…၊ လူငယ်တွေ အင်တာနက်ထိုင်ကြတာ ဘာလုပ်ကြတာလဲ..၊ ငါ မသိဘူးမှတ်လို့ လား..”

“တကယ်တော့ အဲဒီလောက်မဟုတ်ပါဘူး”

“ဘာ…”

“ခုခေတ်လူငယ်တွေက အကွက်ရွှေ့ကောင်းနေပြီ၊ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ကိုယ့်အတွက်မသာဘဲ မရွှေ့ဘူး”

ရှင်လွမ်း ပြောလိုက်တာကို အံ့သြနေသည့် အကြည့်နှင့် ဒေါ်ချစ်စုစံမျက်လုံးဝိုင်းနေ၏။ ရှင်လွမ်းသည် ကျောပိုးအိတ်လွယ်ရင်လည်း ဘယ်လောက်ဝိတ်များ နေနေ ပခုံးမှာ ပဲ ချိတ်သည် ။ ကြိုးသိုင်းရှည်အိတ်ဆိုလည်း စလွယ်သိုင်းပဲ လွယ်၏။

ထို့ကြောင့် သိပ်ပြင်ပြင်ဆင်ဆင်မရှိ။ ဆံပင်ရှည်ကြီးနဲ့ ဖြစ်နေတာတောင် ကလေးဆန်ဆန်ပုံလေး ပျောက်မသွားတာ ကောင်းတဲ့ ဘက်က ကြည့်ရမလား..။

လူနဲ့ စိတ်ကတော့ တခြားစီပါ။ ရှင်လွမ်းကတော့ ဒေါ်ချစ်စုစံ သူမကို ကြည့်ပြီး ပုစ္ဆာတွေဖြစ်နေတာကို မသိ..။

“ယောကျ်ားလေးတွေဆို ပိုတောင်လည်သေးတယ်၊ မိန်းကလေးတစ်ယောက်ကို လှရုံနဲ့ စဉ်းစားမယ်မှတ်လို့ လား၊ မိဘ ဘယ်လိုအခြေအနေ အဆင့်အတန်းလဲ ၊ ဒီမိန်းမရဲ့ Life Style ဘယ်လိုလဲ၊ တွက်လိုက်တာမှ ချိန်ခွင်ကိုင်တာထက်တောင် သေချာသေးတယ်”

“အေး…၊ ယောကျ်ားလေးတွေက အဲဒီလို ရွေးတတ်နေတော့ ညည်း

ကိုအထင်ကြီးစရာ ဘာမှ မရှိတဲ့ အပြင် အင်တာနက်ဆိုင်မှာ တွေ့ ၊ လမ်းပေါ်မှာ တွေ့နဲ့ မိကောင်းဖခင်သားသမီးက မှန်းပါဦးမလား…”

“မိကောင်းဖခင် သားသမီးလည်း မလိုချင်ပါဘူး”

“ဘာ…ပြောတယ်”

“အန်တီကလည်း ပြောရင်းနဲ့ ရစ်လုံးကြီးအစဆွဲမိသလို ဖြစ်ကုန်ပြီ”

ရှင်လွှမ်းက ခေါင်းလေးတစ်ချက်ကုတ်လိုက်ပြီး ညည်းသည် ။ ဒေါ်ချစ်စုစံက ဆက်တီခုံတွေနားမှာ ရပ်နေရာ ကနေ ရှင်လွှမ်းရှေ့ကို ရောက်လာကာ…

“ပြောစမ်းပါဦး….၊ ညည်းက စရိုက်ပျက်တဲ့ မိသားစုတွေထဲက လူရမ်းကားကို လိုချင်တာပေါ့ ဟုတ်လား..”

“အန်တီရယ်…၊ ရှင်လွှမ်းကို သေချာကြည့်စမ်းပါ၊ အဲဒီလောက် မိုက်မဲမယ့်ပုံ ပေါက်နေလို့ လား”

“အရမ်းကို ပေါက်နေတယ်၊ ပေါက်လို့ ….ပူနေရတာ”

“မပူပါနဲ့ … ရှင်လွှမ်း ပြောတာက စရိုက်ပျက်တဲ့ အဆင့်မျိုး မဟုတ်ဘူး ၊ ဒါပေမဲ့ မိကောင်းဖခင်တွေ လက်သပ်မွေးလာတယ်ဆိုတဲ့ သားလိမ်မ္မာလေးတွေက မမိုက်ပါဘူး”

“သြော်…သြော်…. ဒါညည်း အကွက်ရွှေ့တာပေါ့”

“ဟင့်အင်း…. ရွှေ့ဇယားထဲမှာ မပါသေးပါဘူး၊ အဲဒါမျိုးကို လုံး၀ လုံး၀ ပယ်ထားခဲ့တာ၊ ရှင်လွှမ်း အမြင်မှာ တော့ သားလိမ္မာတွေက လင်ကောင်းတစ်ယောက်ဖြစ်ဖို့ မလွယ်ဘူး၊ သူတို့ မှာ သူတို့ မိသားစုက ပုံသွင်းထားတဲ့ တိုက်ကြီးအတိုင်းပဲ၊ လူက ဘ၀ပြောင်းနေလည်း

စိတ်ကမပြောင်းဘူး၊ အမေ့ရှေ့ရောက်တော့လည်း အမြီးကုပ်၊ မယားရှေ့ ရောက်တော့လည်း မျက်နှာချိုသွေးချင်၊ အဲဒီလို လူမျိုးတွေ အိမ်ထောင်ဦးစီးကောင်းဖြစ်သွားတယ်ဆိုတာလည်း တော်တော်နည်းပါတယ်”

“ရှင်လွမ်းမယ်... ညည်းပြောမှ ပဲ ဒါတွေ ငါကြားဖူးရတယ်၊ ကျေးဇူးကြီးပါပေတယ်နော်၊ သက်ငယ်စကား သက်ကြီးကြားပေါ့..”

“အန်တီကလည်း မိန်းကလေးဆိုတာ..”

“ညည်း အခု အိမ်ထောင်ရေး အထူးပြုသင်တန်းတွေ ဘာတွေများ တက်နေတာလား”

“ရှင်လွမ်းက စကားပြောနေတုန်းမို့ ပါးစပ်လေးဟကားလျက်နှင့် အဒေါ်ဖြစ်သူကို ပြန်ကြည့်၏။ ပြီးတော့ မျက်နှာလေးငုံ့၍ ရယ်နေလျက်...

“ရှင်လွမ်းက မိဘနဲ့ သားမယားကို ကျောသားရင်သား ခွဲခြားထားတတ်တဲ့ ယောကျာ်းမျိုးကိုပဲ ယူမှာ ..”

“အဲဒါပဲလေ...၊ ညည်း ဒုတိယနှစ်ပဲ ရှိသေးတယ်၊ ခေါင်းထဲမှာ စာတွေမရှိဘူး”

“ရှိပါတယ် အန်တီရဲ့ ...၊ ဘာဖြစ်ဖြစ် ဘွဲ့ရပြီးရင် ဘာလုပ်မလဲဆိုတာတော့ တွေးရမှာ ပဲဟာ...”

“ဘာလုပ်မှာ လဲ...”

“ရှင်လွမ်းက သင်္ချာနဲ့ ပြီးမှာ ဆိုတော့ သင်တန်းကောင်းကောင်း တက်လိုက်တာနဲ့ ဝင်ငွေကောင်းတဲ့ အလုပ် တစ်ခုခုတော့ရမှာ ပါ၊ ဒီကြားထဲမှာ အားကိုးထိုက်တဲ့ ယောကျာ်း...”

"ပါ လာပြီ"

"အဟွန်း.."

ရှင်လွမ်းက မျက်နှာပူသလိုလေး ရယ်လိုက်ပေမယ့်....

"ရှင်လွမ်းတို့ က အမေတစ်ခု သမီးတစ်ခု..."

"ပေါင်းတော့ နှစ်ခုလို့ ပြောဦးမလို့ လား"

ဒေါ်ချစ်စုစံက ငေါ့တော့ ရှင်လွမ်းက ပခုံးလေးတွန့်အောင်ရယ်၏။

"ကိုယ့်ဘဝက အမေတစ်ခု၊ သမီးတစ်ခု ပါနော်။ ညည်းနားလည်"လို့ အန်တီ ဆုံးမတိုင်း..

"ပေါင်းတော့ နှစ်ခုလေ၊ တစ်ခုစီ မကြည့်နဲ့ "၊ "အားငယ်စရာမရှိပါဘူး" စသဖြင့်သော စကားတွေနဲ့ ရယ်စရာလိုလို၊ အတည်လိုလို ရှင်လွမ်း ပြန်ပြောနေကျ..။

အန်တီက ရှင်လွမ်းကို ချစ်သည် ။ ဆူဟယ် ငေါက်ဟယ်ရှိတတ်ပေမယ့် တစ်ခါတလေ သူငယ်ချင်းလို ရယ်မောပြောဆိုကြတာတွေရှိတော့ ဟဲ့...လို့ ငေါက်လိုက်တာနဲ့ အသံတိခနဲ တိတ်ကျသွားလောက်အောင် ပြားပြားဝပ်ကြောက်နေရတာမျိုး မဟုတ်ပေ...၊

ထို့ကြောင့် ဆူနေလျှင် ငြိမ်နေလိုက်သည် ၊ မေးပြီ ဆိုရင်တော့ မဖြေရဲစရာ ဘာမှ မရှိ.....။

"ရှင်လွမ်း ပြောချင်တာက မေမေက ရှင်လွမ်း ပညာတတ် ဘွဲ့ရတစ်ယောက်ဖြစ်အောင် တစ်ယောက်တည်း ရုန်းကန်ဖြည့်ဆည်းနေရတာလေ"

"အဲ့ဒါကြောင့် သုံးလို့ စွဲလို့ ကောင်းနေတာလား"

“အန်တီက ဒီလိုမျက်လုံးနဲ့ ပဲ ကြည့်နေလို့ ပါ၊ ရှင်လွမ်း ဘာလုပ်နေနေ မေမေ့ကို ဘယ်တော့မှ မမေ့ဘူး”

“ဟုတ်တာ.. မဟုတ်တာထားလို့ ကိုယ့်အစ်မကို သမီးဖြစ်တဲ့ သူက သိတတ်ပါသည် ဆိုတော့ ကျေနပ် သွားတာ အမှန်ပင်၊ ဒါပေမဲ့....

“မမေ့ရုံနဲ့ မပြီးဘူး ရှင်လွမ်း၊ တို့ ရဲ့ မြတ်စွာဘုရားရှင်က မိန့်မှာ ဖူးတယ်၊ ‘ငါဘုရားကိုချစ်တယ်ဆိုရင် ငါ့ရဲ့ တရားတော်အတိုင်း ကျင့်ကြံအားထုတ်ရမယ်၊ ဘုရားရှေ့ရောက်အောင် လာပြီး ဦးခိုက်ကြည်ညိုနေရုံနဲ့ မပြီးဘူး’ တဲ့ ”

“ရှင်လွမ်း သိပါတယ် အန်တီရဲ့ ...၊ ရှင်လွမ်း စဉ်းစားသမျှ မေမေ့အတွက်က ခြောက်ဆယ်ရာခိုင်နှုန်း ပါတယ်”

“အင်း... အပြောလေးလည်း ကောင်းပါတယ်၊ အခု မမက ညည်းအတွက် ငွေသုံးသိန်းပို့ထားတယ်၊ သုံးလိုက်ဦးပေါ့အေ..၊ အင်တာနက်လေးဘာလေး ထိုင်ပေါ့၊ ဘာလုပ်လုပ် မအေကို သတိရတယ်ဆိုတော့လည်း ဆုတောင်းပေး၊ ငါ့အမေ ကျန်းမာပါစေ၊ ဒီထက် ငွေတွေရှာနိုင်ပြီး ဒီထက်များများ ပို့ပေးပါစေလို့ ”

ဒေါ်ချစ်စုစံ ပြောနေရင်း လှည့်ထွက်သွားသည် ။ ရှင်လွမ်းကတော့ ကြားနေကျစကားတွေမို့ ဒေါသဖြစ် အံ့ဩနေတာတွေမဖြစ်ဘဲ ကိုယ့်အခန်းလေးဆီ လျှောက်ထွက်လာခဲ့၏။

ဒေါ်ချစ်စုစံက ယောကျ်ားရှိနေလျက်နှင့် တစ်ခုလပ်ဖြစ်နေသလိုလို ပတ်ဝန်းကျင်ထင်ခံရလောက်အောင် အထီးကျန်နေရရှာသူ ဖြစ်သည် ။

သားတစ်ယောက် သမီးတစ်ယောက် သူမနဲ့ အတူ ရှိနေတုန်းကတော့ စီပွားရေးကလည်း မဆိုး၊ ယောကျ်ား အနားမှာ မရှိပေမယ့်

ပြေပြေပျောက်ပျောက် နေနိုင်သေးသည် ။

သားကြီးက ဘွဲ့ရသည် နှင့် ဖအေရှိသည့် စင်ကာပူကို လိုက်သွားခဲ့ပြီး ဖအေလိုပဲ ပေါ်မလာ ဇာတ်ခင်းသွားခဲ့ ၏။

သမီးငယ်ကလည်း အိမ်ထောင်ကျသွားတာ သိပ်ပြည့်ပြည့်စုံစုံမဟုတ်ပေ။ ထို့ကြောင့် မိသားစု သိုက်သိုက် ဝန်းဝန်းရှိတုန်းက ယောက်ျားကလည်း ငွေမှန်အောင် ပို့ပေးနေတော့ အဆင်ပြေနေခဲ့၏။

သားသမီးတွေ ခွဲခွာကုန်ကြသည့် အချိန်မှာ ငွေပို့သည့် သူကလည်း မမှန်တော့သဖြင့် ဒုက္ခက တံခါးခေါက် လာခဲ့သည် ။ ခုဆို တစ်ခုလပ် မဟုတ်သည့် သူက တစ်ကယ့် တစ်ခုလပ်ဖြစ်နေရရှာသည့် ရှင်လွှမ်းရဲ့ မေမေ့ဆီကနေ ချေးငှား သုံးနေခဲ့ရ၏။

ရှင်လွှမ်းတို့ က ဟိုအရင်ကတည်းက ရန်ကုန် နယ်ပိုင်းမှာ နေပေမယ့် နယ်မှာ တော့ သူဌေးစာရင်းဝင်ပဲ ဖြစ်သည် ။

သမီးတစ်ယောက် လူလားမြောက်လာမှ အိမ်ထောင်ရေး အဆင်မပြေဖြစ်လာကာ ပြောမှာ ဆိုးမှားရှိခဲ့ရင်း ဖခင်ဖြစ်သူက သာသနာ့ဘောင်ဝင်သွားခဲ့၏။

မအေကလည်း မတားဆီးခဲ့ဘဲ မာနနှင့် နေသည် ။ ဒါပေမဲ့ ရှင်းလွှမ်းရဲ့ ဖေဖေရှာဖွေစုဆောင်းထားခဲ့သည့် ငွေကြေးစည်းစိမ်များ နှင့် ခုချိန်ထိလည်း ချို့တဲ့ သည့် အခြေအနေမျိုးတော့ မဖြစ်ခဲ့သေးပါ....။

ငါ့သမီးလေးကို နင့်ဆီ လွှတ်လိုက်မယ် စံ၊ ဆယ်တန်းကို ဂုဏ်ထူးနှစ်ခုနဲ့ အောင်ထားတာ၊ ငါအရမ်း ဖြစ်စေချင်တဲ့ အဆီးအတား တစ်ခုကို သူကျော်လွှားအောင်မြင်ခဲ့ပြီဆိုတော့ ကျန်တာ သူဝါသနာပါရာကို လုပ်ပါစေ၊ ငါ့သမီး ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်လာရင်ကျေနပ်ပြီးဟာ၊

သူ့အတွက် မပူပင်ရအောင် ငါပို့ပေးမယ်၊ ဒီမှာ ဆိုရင် ငါကလည်း ဒေါ် သထွက်နေတာပဲများ တော့ သူ့အဖေအကြောင်း ပြောမိဆူမိ ခဏခဏဖြ စ်တယ်၊ သူကလည်း သူ့အဖေ မရှိတော့တာနဲ့ ချက်ချင်းမွဲတော့မလိုလို စ ကားတွေပြောတော့ ကြာရင် ငါထပ်မှားမိမှာ ၊ ငါ့သမီးလေး မိဘတွေရဲ့ အဆင်မပြေမှုတွေကြောင့် ဆိုက်ကိုဝင်သွားရင် ငါရင်ကျိုးပြီ”

“ဟင်း.....”

ဒေါ်ချစ်စုစံ ရှင်လွှမ်းကို ကျောခိုင်းထွက်လာခဲ့ပေမယ့် တူမလေးအကြောင်းတွေပဲ တွေးဖြစ်ကာ သက်ပြင်း ရှည်ကြီးချမိသည် ။

ညီအစ်မ နှစ်ယောက်တည်း ရှိတာပါ၊ ဒါပေမဲ့ အခြေအနေတစ်မျိုးစီ နဲ့ ယောက်ျားမရှိကြတာချင်းတော့ အတူတူပဲ ဖြစ်သည် ။

ညီအစ်မ ပီသတာ ထင်ပါရဲ့ ....၊

*